# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃- ၇ - ၂၀၁၂ ]

# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **နေ့စဉ်ပြည်သူများဖြစ်ပျက်တွေ့ကြုံခံစားနေရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ မီဒီယာများမှတစ်ဆင့် ဖော်ပြချက်များသည် ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ရာတွင် အထောက်အကူပြုပါကြောင်းနှင့် ယင်းသတင်းများအပေါ် စောင့်ကြည့်လေ့လာ စိစစ်ပြီး အရေးယူဆောင်ရွက်ပေးနေသည့်အဖွဲ့ စနစ်တကျ ဖွဲ့စည်းထားရှိခြင်း ရှိ/မရှိ နှင့် ရှိပါက မည်ကဲ့သို့ ဖွဲ့စည်းပြီး အရေးယူဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **လားရှိုးမြို့တွင် အခြေချနေထိုင်လျက်ရှိသော နမ္မတူဘော်တွင်းမှ အငြိမ်းစားဝန်ထမ်းများအားလားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ပင်စင်လစာများ ပုံမှန်ထုတ်ယူနိုင်ခွင့် ရှိ/မရှိ နှင့် တပ်မတော်သားများကဲ့သို့ပင် တိုင်းပြည်တာဝန်ကို သက်စွန့်ဆံဖျား ထမ်းဆောင်ကြရသူများဖြစ်သဖြင့် တပ်မတော်သားများကို တွက်ချက်ပေးသော ပင်စင်ပုံသေနည်းအတိုင်း တွက်ချက်ခံစားပေးနိုင်ခွင့် ရှိ/မရှိ သိလိုပါကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **လက်ပံတန်းမြို့နယ် အနောက်ခြမ်းဒေသ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုမှ အမြန်ကာကွယ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **မွန်ပြည်နယ်တွင် ရာဘာပျိုးခင်းတည်ထောင်သူများ အများအပြားရှိလာပြီးဖြစ်၍ ရာဘာစိုက်ပျိုးသောတောင်သူများ မျိုးစစ်မျိုးမှန် ရရှိရေးအတွက် ရာဘာပျိုးခင်း တည်ထောင်သူများကို စိစစ်သုံးသပ်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **မြေယာအငြင်းပွားမှုများအတွက် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီ ဖွဲ့စည်း၍ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် အကြောင်းအမျိုးမျိုးကြောင့် သိမ်းယူထားသော မြေယာများအတွက် လျော်ကြေးပေးရေး ဥပဒေပြဋ္ဌာန်းရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ၁၉၆၄ ခုနှစ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၆၄ ခုနှစ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်းဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၆၄ ခုနှစ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကော်ပိုရေးရှင်း ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂)ရက်မြောက် နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။